Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod,Tak, 63110,Thailand. Phone: +66 85-733 4303, E-mail: ndddrd07@csloxinfo.com

# Weekly Political Events Regarding the SPDC's Election (001/2010)

# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၀၁/၂၀၁၀)

၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့မှ ၃၀ ရက်နေ့အထိ

## နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- ဒေါ်အောင်ဆန်းစုကြည်ကို ယခုနှစ် နိုဝင်ဘာလအတွင်း နေအိမ်အကျယ်ချုပ်မှ လွှတ်ပေးမည်ဟု မြန်မာစစ်အစိုးရ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့တွင် လွန်ခဲ့သည့် ရက်ပိုင်းက ပြောကြားခဲ့ကြောင်း မြို့ခံတစ်ဦးက ပြောသည်။ **(RFA 240110)** **Read More...**
- ရှမ်းပြည်မြောက်ပိုင်း၊ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **(UWSA)**ခေါ် ဝတပ်ဖွဲ့ထိန်းချုပ်ရာ နယ်မြေအနီး တပ်စွဲထားသည့် နအဖစစ်တပ် ရှေ့တန်းစခန်းများမှ စစ်သည်များ ထွက်ပြေးမှု များပြားလာကာ တပ်ပြေးများကို ပစ်သတ်သည်အထိ ရှိလာနေသည်။ **(NEJ 250110)** **Read More...**
- ရန်ကုန်တိုင်းစစ်ဌာနချုပ် ညွှန်ကြားချက်အရ ဆန္ဒပြမှုများဖြစ်လာခဲ့ပါက မည်သို့ချေမှုန်းရမည်ကို တပ်နယ်အသီးသီးကို ညွှန်ကြားထားသည်။ **(Yoma3 260110)** **Read More...**
- ရန်ကုန်မြို့ရှိ ကျောင်းသားများ စာသင်ကြားမှုစရိတ် မြင့်သည့်အတွက် အပြင်ကျူရှင်များတွင် တက်ရောက်နိုင်မှုမရှိသည်ကို ကြံ့ဖွံ့က အခွင့်အရေးယူကာ စည်းရုံးမှုများ ပိုမိုလုပ်လာကြောင်း ရန်ကုန်မြို့ခံများက ပြောသည်။ **(NEJ 260110)** **Read More...**
- မွန်ပြည်နယ် ရေးမြို့နယ်တွင် ၂၀၁၀ ရွေးကောက်ပွဲအတွက် မဲထည့်ရန် ဒေသခံများအား မြန်မာစစ်အစိုးရ အာဏာပိုင်များမှ ထည့်သွေးပေးရန် စည်းရုံးရေးဆင်းနေသည်ဟု ဒေသခံများက ပြောသည်။ **(IMNA 260110)** **Read More...**
- မြန်မာနိုင်ငံအနှံ့ရှိ မြို့နယ်များတွင် စစ်အစိုးရအား ဆန့်ကျင်မည့် ရည်ရွယ်လှုပ်ရှားမှုများ ရှိမရှိ သတင်းပေးရန်အတွက် လူငယ်အချို့ကို ကြံ့ဖွံ့က ယခုနှစ်ဆန်းပိုင်းမှစ၍ စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ရန်ကုန်မြို့ရှိ ကြံ့ဖွံ့အသင်းဝင်ထားသူ (၁၀) တန်းကျောင်းသားတစ်ဦးက ပြောသည်။ **(NEJ 270110)** **Read More...**
- လာမည့် ၂၀၁၀ ရွေးကောက်ပွဲ လုပ်ငန်းများ ပျက်ပြားစေရန်အတွက် မြန်မာနိုင်ငံ ရှေ့နေများကောင်စီ **(BLC)** နှင့် ကရင်အမျိုးသားအစည်းအရုံး **(KNU)** တို့က ဖုံးဖောက်ခွဲမှုများကို ပြုလုပ်ခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ကြောင်း ယနေ့ထုတ် စစ်အစိုးရသတင်းစာများတွင် ဖော်ပြထားသည်။ **(Irrawaddy 280110)** **Read More...**

## ယခင် (၃) ပတ်အတွင်းသတင်းများ (၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ၂၃ ရက်အထိ)

- ၂၀၁၀ ရွေးကောက်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၆၂ နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထပ်မံ ကတိပြု ပြောကြားလိုက်သည်။ **(Mizzima 040110)** Read More...
- ချမှတ်ထားသည့် လမ်းပြမြေပုံအတိုင်း စွမ်းစွမ်းတမံ ပါဝင်သူများအား စစ်အစိုးရက ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဆုတံဆိပ်များ ၃၈ မျိုး ချီးမြှင့်သွားမည်ဖြစ်ရာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ပြဋ္ဌာန်းခဲ့သည့် ဆုတံဆိပ်များအပြင် စစ်အစိုးရက အသစ်ထပ်မံ ပြဋ္ဌာန်းလိုက်သည့် နိုင်ငံတော် စစ်မှုထမ်း သင်္ဂဟ တံဆိပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေး တံဆိပ်များလည်း ပါဝင်သည်။ **(Mizzima 040110)** Read More...
- ရခိုင်ပြည်နယ် မြို့တော်စစ်တွေနှင့် တောင်ကုတ်မြို့တွင် အငြိမ်းစား ပညာရေးဝန်ထမ်းများ၏ စာရင်းကို အာဏာပိုင်များက ယခုလဆန်းမှစတင်၍ လိုက်လံကောက်ခံနေကြောင်း တောင်ကုတ်မြို့မှ ဒေသခံ အငြိမ်းစား ကျောင်းဆရာမ တစ်ဦးက ပြောသည်။ **(Mizzima 060110)** Read More...
- မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရယူနိုင်ခဲ့ပြီဖြစ်ကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ပြောကြားလိုက်သည်။ **(NEJ 120110)** Read More...
- နအဖစစ်အစိုးရ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်း ကတိပြုထားသည့်အတိုင်း ရွေးကောက်ပွဲပြုလုပ်ပေးမည်ဖြစ်ကာ တရားမျှတမှုရှိစေရမည်ဟု အာဆီယံနိုင်ငံခြားရေးဝန်ကြီးများကို ပြောဆိုကြောင်း အာဆီယံအထွေထွေအတွင်းရေးမှူး ဆူရင်ပစ်စဝမ်က ပြောကြားလိုက်သည်။ **(NEJ 140110)** Read More...
- စစ်အစိုးရ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်သည် ၂၀၁၀ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် အထိန်းသိမ်းခံ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ နေအိမ်တွင် ယနေ့ တွေ့ဆုံခဲ့ကြောင်း **NLD** ပါတီ ခေါင်းဆောင်များက ပြောသည်။ **(Mizzima 150110)** Read More...
- စစ်အစိုးရ ကျောထောက်နောက်ခံပြု ကြံ့ဖွံ့အသင်းက ၂၀၁၀ နှစ်ဦးပိုင်းမှစ၍ ရန်ကုန်တွင် လူထုစည်းရုံးရေး လုပ်ငန်းများ ပိုမိုလုပ်ဆောင်လာကြောင်း မြို့ခံများက ပြောသည်။ **(Mizzima 160110)** Read More...
- ယခုလ တတိယအပတ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက သံဖြူဇရပ်မြို့နယ်ရှိ ကျေးရွာဥက္ကဋ္ဌများကို ခေါ်ယူကာ မိမိကျေးရွာတွင် စည်းရုံးရေး ပြန်လည်ဆင်းခိုင်းခဲ့သည်။ **(IMNA 210110)** Read More...
- မြစ်ကြီးနားဇာတိဖြစ်သူ ဦးခင်မောင်လတ် (မဆလ–မြို့နယ်ကောင်စီ အတွင်းရေးမှူးဟောင်း) နှင့်အတူ ကချင်ပြည်နယ် ကြံ့ဖွံ့အမှုဆောင် ဒေါက်တာခင်မောင်ထွန်း၊ ဗိုလ်မှူးဟောင်း မြင့်ဆွေ၊ အငြိမ်းစား ဒုဗိုလ်မှူးကြီး မျိုးဆွေတို့က လူနည်းစု အစ္စလာမ်ဘာသာဝင်များကို ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စစ်အစိုးရမှ ရွေးကောက်တင်မြှောက်ထားသည့် ကြံ့ဖွံ့ ကိုယ်စားပြုထားသော ဗိုလ်မှူးချုပ် သိန်းဇော်ကို မဲပေးရန် စည်းရုံးနေသည်။ **(Mizzima 220110)** Read More...
- ကရင်နီပြည် ဒီမောဆိုနှင့် ဖရူဆိုမြို့နယ်အတွင်းတွင် ၂၀၁၀ ရွေးကောက်ပွဲအတွက် စစ်အစိုးရအာဏာပိုင်များက အိမ်ထောင်စုစာရင်းများအား ယခင်လမှစ၍ လိုက်လံကောက်ခံနေပြီဖြစ်ကြောင်း ပြည်တွင်းရှိ ကရင်နီအဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သူ စန်းရှိုင်းက ပြောသည်။ **(Kantarawaddy Times 220110)** Read More...
- ရခိုင်ပြည်နယ် ကျောက်တော်မြို့ရှိ မဟာမုနိ ဘုရားကြီး ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ဒေသခံများနှင့် ကျောင်းသူကျောင်းသားများကို စစ်တပ်မှ ခေါ်ယူကာ ယခုနှစ်ကျင်းပမည့် ရွေးကောက်ပွဲကို ထောက်ခံရန် စည်းရုံးခဲ့ကြောင်း ညောင်ပင်လှကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။ **(Narinjara 230110)** Read More...

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးမည်ဟု ပြောဆိုခြင်းသည် တရားမဝင်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြောကြားလိုက်သည်။ **(Mizzima 250110)** Read More...

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုကော်မတီ စီစီကို ဒီမိုကရေစီနည်းကျ ရွေးချယ်ပေးရန် မန္တလေးတိုင်း မိတ္ထီလာမြို့နယ်အဖွဲ့ချုပ်က ပုံမှန်လပတ်အစည်းအဝေးမှ အဖွဲ့ချုပ်ဗဟိုကို တောင်းဆိုလိုက်သည်။ **(DVB 250110)** [Read More...]
- မန္တလေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပထမဆုံး စည်းရုံးရေး ခရီးစဉ်အဖြစ် ယမန်နေ့က မြင်းခြံမြို့ကို သွားရောက်ကာ ခရိုင်အတွင်းရှိ မြို့နယ်စည်း အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲတစ်ခု ပြုလုပ်ခဲ့သည်။ **(DVB 260110)** [Read More...]
- ဒေါ်အောင်ဆန်းစုကြည် အမှုဘက်က သက်သေထွက်ပေးသူ တစ်ဦးလည်းဖြစ်၊ ဧရာဝတီတိုင်း လပွတ္တာမြို့နယ်အဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်သည့် အသက် ၆၀ ကျော်ရှိ ဦးကြည်ဝင်းကို နေအိမ်မငှားရန် အာဏာပိုင်များက ဖိအားပေးနေကြောင်း **NLD** အဖွဲ့ဝင်များက ပြောသည်။ **(DVB 260110)** [Read More...]
- နေအိမ်အကျယ်ချုပ်နှင့် ထိန်းသိမ်းခံနေရသည့် ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံးပြန်လွှတ်ပေးရန် ၎င်းလွှတ်မြောက်ရေးအတွက် ရည်ရွယ်၍ အပတ်စဉ် အင်္ဂါနေ့တိုင်း ဝတ်ပြုဆုတောင်းမှုများ ပြုလုပ်နေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များက တောင်းဆိုလိုက်သည်။ **(DVB 260110)** [Read More...]
- အမျိုးသားပြန်လည်သင့်မြတ်ရေး ဆွေးနွေးရန် မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၁၀ ရွေးကောက် ပွဲမတိုင်မီ လွှတ်ပေးသင့်ကြောင်း ပြည်တွင်းရှိ အတိုက်အခံ နိုင်ငံရေးသမားများက ပြောဆိုလိုက်သည်။ **(Mizzima 280110)** [Read More...]
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို လာမည့် နိုဝင်ဘာလတွင် လွှတ်ပေးမည်ဟု ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၏ ပြောကြားချက်သည် တရားဥပဒေနှင့် ညီညွတ်မှုမရှိဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြောင်း ရှေ့နေဦးဉာဏ်ဝင်းက ပြောသည်။ **(Irrawaddy 280110)** [Read More...]
- ရန်ကုန်တိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လက်အောက်ရှိ မြို့နယ် ၄၀ ထဲမှ မြို့နယ် ၂၀ မှ စည်းအဖွဲ့ဝင်များနှင့် အဖွဲ့ချုပ် တိုင်းစည်းအဖွဲ့များ ယခုလ ၂၆ ရက်နေ့က တွေ့ဆုံကာ စည်းရုံးရေးလုပ်ငန်းစဉ်များ ဆွေးနွေးခဲ့ကြပြီးသည့်နောက်၊ ယခုလ ၂၉ ရက်နေ့တွင် ကျန်သည့် မြို့နယ် ၂၀ မှ စည်းအဖွဲ့ဝင်များနှင့် ဗဟန်း ရွှေဂုံတိုင် ဌာနချုပ်ရုံးတွင် တွေ့ဆုံခဲ့ကြသည်။ **(RFA 290110)** [Read More...]
- ယခုနှစ်အတွင်း ကျင်းပမည့် ရွေးကောက်ပွဲကို အများက လက်ခံယုံကြည်နိုင်မှုရှိရေးအတွက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အကြား တွေ့ဆုံညှိနှိုင်းမှုများ မရှိမဖြစ် လိုအပ်ကြောင်း တိုက်တွန်းသည့် ကြေညာချက်တစ်ရပ်ကို ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ထုတ်ပြန်လိုက်သည်။ **(RFA 290110)** [Read More...]
- ပြန်လည်ဖွဲ့စည်းမည့် ဗဟိုဦးစီးအဖွဲ့ **CC** တွင် အဖွဲ့ဝင်အဖြစ် လျာထားမည့် အမည်စာရင်းတင်သွင်းရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ က ပြည်နယ်/တိုင်း စည်းရုံးရေးအဖွဲ့ ဥက္ကဋ္ဌများထံ ယခုလ ၂၇ ရက်နေ့က ညွှန်ကြားစာပေးပို့လိုက်သည်။ **(Mizzima 300110)** [Read More...]

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကရင်ရွာများကို မီးရှို့ဖျက်ဆီးကာ ရွာသားများကို သတ်ဖြတ်နေခြင်းသည် နယ်မြေစိုးမိုးလိုခြင်းနှင့် ၂၀၁၀ ရွေးကောက်ပွဲကို အာရုံမစိုက်နိုင်အောင် ရည်ရွယ်ခြင်းဖြစ်ကြောင်း ကရင်အမျိုးသားအစည်းအရုံး **KNU** က ပြောသည်။ **(Mizzima 260110)** [Read More...]

## (ဂ) ပြည်ပအင်အားစုများ

- ဒေါက်တာစိန်ဝင်း ဦးဆောင်သည့် အမျိုးသားညွန့်ပေါင်းအစိုးရကို တိုင်းရင်းသား ကိုယ်စားလှယ်များနှင့် တိုးချဲ့ဖွဲ့စည်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၄ ဖွဲ့နှင့် မူအားဖြင့် သဘောတူညီချက် ရပြီဖြစ်သဖြင့် ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ စင်ပြိုင် အစိုးရသစ် ဖွဲ့စည်းနိုင်ဖွယ်ရှိကြောင်း ၎င်းကိစ္စအတွက် ဆောင်ရွက်နေသည့် ကော်မရှင်က ပြောသည်။ **(DVB 260110)** [Read More...]

- (၆၃) နှစ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားတွင် မွန်ပြည်သူလူထုအနေဖြင့် ပြည်သူလူထုအားအတွက် အရေးကြီးသည့် နိုင်ငံရေးအပြောင်းအလဲ ကာလတွင် မွန်အမျိုးသားများ၏ ဦးဆောင်မှုနောက်ကို ယုံယုံကြည်ကြည် လိုက်ပါကြရန် မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေဌာနချုပ် အထွေထွေအတွင်းရေးမှူး နိုင်ဥသဿက တိုက်တွန်းလိုက်သည်။ **(Yoma3 300110)** Read More...

<u>ယခင် (၃) ပတ်အတွင်းသတင်းများ (၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ၂၃ ရက်အထိ)</u>

<u>(က) ပြည်တွင်းအင်အားစုများ</u>

- (၆၂) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ရန်ကုန်မြို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** ရုံးချုပ်တွင် အခမ်းအနားတစ်ရပ်ကျင်းပခဲ့ရာ "အမျိုးသား ပြန်လည်သင့်မြတ်ရေးရရှိရန် အရေးကြီးကြောင်း" **NLD** က ပြော ကြားလိုက်သည်။ **(NEJ 040110)** Read More...
- ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ၆၂ ကြိမ်မြောက် ကချင်ပြည်နယ်နေ့နှင့် မနောပွဲ ကျင်းပနေသည့်အချိန်တွင် ကချင်ကျောင်းသားများ သမဂ္ဂအဖွဲ့ **AKSU** က စစ်အစိုးရဆန့်ကျင်ရေး ပိုစတာကပ် လှုပ်ရှားမှုတစ်ရပ် ပြုလုပ်ခဲ့သည်။ **(RFA 090110)** Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထိပ်ပိုင်းခေါင်းဆောင်တချို့အကြား အယူအဆကွဲပြားမှု ပေါ်ပေါက်နေသည်ဟု ထိုင်းနိုင်ငံထုတ် **The Bangkok Post** သတင်းစာ၏ ရေးသားချက်သည် မမှန်ကန်ကြောင်း ပါတီတာဝန်ရှိသူ ခေါင်းဆောင်များက တုံ့ပြန်ပြောကြားလိုက်သည်။ **(RFA 120110)** Read More...
- အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က မြို့နယ်အမျိုးသမီးအဖွဲ့များကို လွန်ခဲ့သည့် ၇ လအတွင်း တိုးချဲ့ဖွဲ့စည်းခဲ့ရာ မြို့နယ် ၂၂ မြို့နယ်တွင် ပြီးစီးခဲ့ပြီဖြစ်ကြောင်း ရန်ကုန်တိုင်း အမျိုးသမီးလုပ်ငန်း အဖွဲ့တာဝန်ခံ ဒေါက်တာမေဝင်းမြင့်က ပြောသည်။ **(Mizzima 130110)** Read More...
- အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ဗဟိုအလုပ်အမှုဆောင် ကော်မတီ **CEC** ၉ ဦး ထပ်မံတိုးချဲ့ တာဝန်ပေးအပ်လိုက်ကြောင်း ကြေညာလိုက်သည်။ **(Mizzima 140110)** Read More...

<u>(က) ပြည်ပအင်အားစုများ</u>

- ဘင်္ဂလားဒေ့ရှ်–မြန်မာ–အိန္ဒိယ ၃ နိုင်ငံ နယ်စပ်တွင် အခြေစိုက် လှုပ်ရှားလျက်ရှိသော ရခိုင်ပြည် လွတ်မြောက်ရေးပါတီ **(ALP)** က တတိယအကြိမ် ညီလာခံက နအဖ စစ်အစိုးရ ကျင်းပမည့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကို ကန့်ကွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ **(Mizzima 110110)** Read More...
- ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီ အင်အားစုများက ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ရေးအတွက် မြို့တော်တိုကျိုတွင် ချီတက် ဆန္ဒပြခဲ့ကြသည်။ **(Mizzima 110110)** Read More...
- ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ စတုတ္ထအကြိမ်မြောက် "အရှေ့အာရှနှင့် လက်တင် အမေရိက ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ် **(FEALAC)**" အစည်းအဝေး၌ ဆန္ဒပြရန် ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီအင် အားစု ၁၇ ဖွဲ့က စစ်အစိုးရ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းအား ဆန္ဒပြရန် ရဲက ခွင့်မပြုသဖြင့် အစီအစဉ် ပျက်သွားပြီဖြစ်ကြောင်း စီစဉ်သူများက ပြောသည်။ **(Mizzima 150110)** Read More...
- ၂၀၁၀ ရွေးကောက်ပွဲတွင် မဲရုံများသို့ သွားရောက်မဲမထည့်ဘဲ လူထုပါဝင်ပတ်သက်မှုမရှိသော မတရားသည့် ရွေးကောက်ပွဲအဖြစ် ပြည်သူလူထုအနေဖြင့် ဆန့်ကျင်သွားကြရန် မြန်မာနိုင်ငံ ရေ့နေများကောင်စီက ယနေ့ကြေညာချက်တစ်စောင် ထုတ်ပြန်ကြေညာလိုက်သည်။ **(NEJ 150110)** Read More...
- ၂၀၁၀ ရွေးကောက်ပွဲကို လာမည့် အောက်တိုဘာလတွင် ကျင်းပနိုင်ခြေရှိသည်ဟု ထိုင်းနိုင်ငံအခြေစိုက် မြန်မာ့ဒီမိုကရေစီရေးအတွက် လှုပ်ရှားနေသည့် အဖွဲ့များက ပြောသည်။ **(IMNA 190110)** Read More...

## အခြားအင်အားစုများ

- ရခိုင်ပြည်နယ် မြို့နယ်အနှံ့အပြားတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ မဲဆွယ်စည်းရုံးရေးများကို ပြုလုပ်နေရာ ၂၀၁၀ ရွေးကောက်ပွဲတွင် တစည်ပါတီ အနိုင်မရပါက ပြည်သူများ ဒုက္ခရောက်နိုင်ကြောင်း မဲဆွယ်စည်းရုံးနေသည်ဟု အမည်မဖော်လိုသူ ဒေသခံတစ်ဦးက ပြောသည်။ **(Narinjara 250110)** Read More...

## ယခင် (၃) ပတ်အတွင်းသတင်းများ (၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ၂၃ ရက်အထိ)

- ရွေးကောက်ပွဲဥပဒေ မကြေညာသေးဘဲ နှောင့်နှေးနေခြင်းကြောင့် မိမိတို့အနေဖြင့် မည်သူကို ကိုယ်စားလှယ်လောင်းအဖြစ် ရွေးချယ်ရမှန်းမသိ ဖြစ်နေသည်ဟု စစ်အစိုးရကျင်းပပေးမည့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စိုင်းပြင်းနေသော ရန်ကုန်အခြေစိုက် ဒီမိုကရက်တစ်ပါတီ၏ အထွေထွေအတွင်းရေးမှူး ဒေါ်ချိုချိုကျော်မြင့်ကပြောသည်။ **(Mizzima 190110)** Read More...

## အပစ်ရပ်အဖွဲ့အစည်းများ

### (က) နယ်ခြားစောင့်တပ်အသွင် ပြောင်းပြီးသည့်အဖွဲ့များ

- မြန်မာစစ်အစိုးရသည် နယ်ခြားစောင့်တပ် အသွင်ပြောင်းဖွဲ့စည်းခဲ့သည့် ကချင်ပြည်ဒီမိုကရေစီသစ်တပ်မတော် **(NDA-K)** တပ်ဖွဲ့မှ ပင်စင်နားခွင့်လိုက်သည့်သူများကို ထောက်ပံ့ကြေးပေးမည်ဟု ကြေညာခဲ့သဖြင့် အနားယူထားသူများ မျှော်လင့်နေကြသည်။ **(KNG 260110)** Read More...

### (ခ) နယ်ခြားစောင့်တပ်အသွင် မပြောင်းလဲရသေးသည့်အဖွဲ့များ

- ရှမ်းပြည်အရှေ့ပိုင်း အထူးဒေသ (၄)၊ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (ခေါ်) မိုင်းလားတပ်ဖွဲ့၏ အတွင်းရေးမှူးဖြစ်သူ ဦးမင်းအိမ်သည် မိုင်းလားမြို့တွင် လုပ်ကြံခံခဲ့ရ၍ သေဆုံးသွားသည်။ **(NEJ 270110)** Read More...
- ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **USWA** သည် သျှမ်းပြည်အတွင်း လက်နက်ကိုင်တပ်ဖွဲ့ အားလုံးအနက် အင်အား အတောင့်တင်းဆုံးဖြစ်သည်ဟု ဆိုသော်လည်း မိမိလူမျိုး/တပ်ဖွဲ့/နယ်မြေတစ်ခုထဲအတွက် ကိုယ်လွတ်ရုန်းထွက်ရန်မရဟု ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး **(PSLF)** ဥက္ကဋ္ဌ မိုင်းအိုက်ဖုန်းက ပြောသည်။ **(S.H.A.N 270110)** Read More...
- စစ်အစိုးရ တာဝန်ရှိသူများနှင့် **KIO** အဖွဲ့ခေါင်းဆောင် တချို့ ယခုလ ၂၉ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးရန် ပြင်ဆင်ထားကြောင်း အပစ်ခတ် ရပ်စဲထားသော ကချင်လွတ်မြောက်ရေးအဖွဲ့ **(KIO)** နှင့် နီးစပ်သူတစ်ဦးက ပြောသည်။ **(Irrawaddy 270110)** Read More...
- ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ **(KIA)** ရဲ့ စစ်သင်တန်းစခန်းက စစ်သင်တန်းဆရာ တစ်ယောက်သည် ယခုလ ၂၀ ရက်နေ့က သေနတ်နှစ်လက်နှင့်အတူ ထွက်ပြေးလွတ်မြောက်သွားကြောင်း **KIA** သတင်းရပ်ကွက်မှ ဆိုသည်။ **(KNG 270110)** Read More...
- တိုးတက်သော ကရင်ဗုဒ္ဓဘာသာတပ်ဖွဲ့ **(DKBA)** သည် နယ်ခြားစောင့်တပ်ဖွဲ့ရန် လက်ခံထားသော်လည်း အောက်ခြေတပ်ရင်း၊ တပ်သားများက လက်မခံသဖြင့် စစ်အစိုးရတောင်းဆိုသည့် တပ်သားစာရင်းအတိအကျ မပေးနိုင်သေးကြောင်း **DKBA** အရာရှိတစ်ဦးက ပြောသည်။ **(DVB 270110)** Read More...
- တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေးကို စစ်အစိုးရဘက်က လက်ခံလျှင် လက်နက်ကိုင်တော်လှန်ရေးကို စွန့်လွှတ်မည်ဟု ကချင်အမျိုးသား လွတ်မြောက်ရေးအဖွဲ့ **KIO** က နအဖ စစ်ဖက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုဗိုလ်ချုပ်ကြီးရဲနှင့် တွေ့ဆုံစဉ် ထပ်မံပြောဆိုလိုက်သည်။ **(Mizzima 290110)** Read More...

## ယခင် (၃) ပတ်အတွင်းသတင်းများ (၂၀၁၀ ခုနှစ်၊ ဇန်ဝါရီလ ၁ ရက်မှ ၂၃ ရက်အထိ)

### (က) နယ်ခြားစောင့်တပ်အသွင် ပြောင်းပြီးသည့်အဖွဲ့များ

- နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းခဲ့သော အပစ်ရပ် ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ **KNDP** မှ အဖွဲ့ဝင် (၄) ဦးသည် နအဖစစ်အစိုးရတပ်၏ ထိန်းချုပ်မှုအောက်၌ မခံနိုင်သဖြင့် ယခုလ ၄ ရက်နေ့က ကရင်နီတပ်မတော် ထံသို့ ထွက်ပြေးရောက်ရှိလာခဲ့သည်။ **(Kantarawaddy Times 150110)** **Read More...**
- ယခုလ ၁၃ နှင့် ၁၆ ရက်နေ့အထိ မြစ်ကြီးနားမြို့တွင် ကျင်းပခဲ့သည့် ကချင်အထူးဒေသ (၁) အထူးအစည်းအဝေးပွဲ၌ မည်သည့်အရေးပါသော ဆုံးဖြတ်ချက်မှ မချနိုင်ဘဲ ပြီးဆုံးခဲ့ကြောင်း အစည်းအဝေး တက်ရောက်ခဲ့သည့် ကိုယ်စား လှယ်များက ပြောသည်။ **(NEJ 190110)** **Read More...**
- ကချင်ငြိမ်းချမ်းရေးအဖွဲ့မှ အသွင်ပြောင်းလိုက်သည့် ဦးလဆန်အောင်ဝါ ဦးဆောင်သည့် ပြည်သူ့စစ်အဖွဲ့၏ နာယက ဦးအူဒီဒွဲလာအား ယခုလ ၁၆ ရက်နေ့တွင် မြစ်ကြီးနား အထူးမှုးယစ်ရဲတပ်ဖွဲ့က ရိုက်နှက်ညှင်းဆဲခဲ့သဖြင့် အပြင်း အထန် ဒဏ်ရာရရှိခဲ့သည်။ **(NEJ 200110)** **Read More...**
- မကြာသေးခင်က အသွင်းပြောင်းခဲ့သည့် ကချင်နယ်ခြားစောင့်တပ်ရင်းများတွင် ထွက်ပြေးမှုများ ရှိနေသကဲ့သို့ တပ်မှ ထွက်ခွင့်ရထားသူများကိုလည်း ယခုချိန်ထိ ပင်စင်လစာ ထုတ်မပေးနိုင်သေးဘဲ ဖြစ်နေသည်။ **(NEJ 220110)** **Read More...**
- စစ်အစိုးရ၏ နယ်ခြားစောင့်တပ် အသွင်ပြောင်းလဲရေးကို လက်ခံလိုက်သည့် **(NDA-K)** အဖွဲ့ ဗဟိုကော်မတီဝင်များကို ကားပါမစ်တစ်စောင်စီ ထုတ်ပေးလိုက်ခြင်းသည် ဒေသတွင်း လက်နက်အပ်ရန် ကျန်နေသည့်ကိစ္စ အဆင်ပြေစေရေး ရည်ရွယ်ပုံရကြောင်း မြစ်ကြီးနားမြို့မှ **NDA-K** တပ်ဖွဲ့ဝင်ဟောင်းတစ်ဦးက ပြောသည်။ **(NEJ 220110)** **Read More...**

### (ခ) နယ်ခြားစောင့်တပ်အသွင် မပြောင်းလဲရသေးသည့်အဖွဲ့များ

- နယ်ခြားစောင့်တပ် အသွင်းပြောင်းရေးကိစ္စ ထပ်မံဆွေးနွေးရန် နအဖ စစ်ဘက်ဆိုင်ရာ လုံခြုံရေးကောင်စီ ဒုဗိုလ်ချုပ် ကြီးရဲမြင့်က တွေ့ဆုံလိုသည်ကို 'ဝ'ပြည်သွေးစည်းညီညွတ်ရေးပါတီ–**UWSP** ဥက္ကဌ ပေါက်ယူချန်းက ကျန်းမာရေး အကြောင်းပြချက်ဖြင့် မကြာသေးခင်က ငြင်းဆိုလိုက်သည်။ **(Mizzima 140110)** **Read More...**
- ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် ပေါက်ယူချန်း၏ မိန့်ခွန်းတိုအား ဝတပ်ဖွဲ့၏ ရုပ်မြင်သံကြားဌာနမှတဆင့် ဒေသအတွင်း ထုတ်လွှင့်ပြသနေသည်။ **(NEJ 180110)** **Read More...**
- ရှမ်းပြည်မြောက်ပိုင်း၊ သီပေါမြို့နယ် စိန်ကျော့အခြေစိုက် ရှမ်းပြည်တပ်မတော်အား ပြည်သူ့စစ်အသွင်ပြောင်းရန် အောက်ခြေတပ်ရင်းများက သဘောမတူသဖြင့် နအဖထံ အကြောင်းပြန်ရန် အဖွဲ့ခေါင်းဆောင်များ အခက်တွေ့နေ သည်။ **(NEJ 200110)** **Read More...**

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) အစိုးရများ

- ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံး ပြန်လွှတ်ပေးရန် အမေရိကန်အစိုးရက မြန်မာစစ်အစိုးရကို ထပ်မံတောင်းဆို လိုက်သည်။ **(RFA 270110)** **Read More...**
- ၂၀၁၀ ရွေးကောက်ပွဲအား လွတ်လပ်၍ တရားမျှတစွာဖြင့် ကျင်းပရန် တိဘက်လွတ်တော် ဒု–ဥက္ကဌမှ မြန်မာ စစ်အစိုးရကို ယခုလ ၂၅ ရက်နေ့က တိုက်တွန်းပြောကြားလိုက်သည်။ **(Mizzima 290110)** **Read More...**
- ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန် ပီယဲရို ဖက်ဆီနို **(Piero Fassino)** သည် ယခုလ ၂၉ ရက်နှင့် ၃၀ ရက်တွင် အမေရိကန် ပြည်ထောင်စု ဝါရှင်တန်မြို့တော်၌ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး **(Kurt Campbell)** နှင့် မြန်မာ့အရေးကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။ **(VOA 290110)** **Read More...**

- ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရန်နှင့် တိုင်းရင်းသားများ အပါအဝင် ဒီမိုကရေစီအင်အားစုများနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ကာ တိကျသော လုပ်ငန်းစဉ်များ စတင်ဆောင်ရွက်ရန် ပြင်သစ်အစိုးရက မြန်မာစစ်အစိုးရကို ထပ်မံတောင်းဆိုလိုက်သည်။ **(RFA 290110)** Read More...

## (ခ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- **ILO** အဖွဲ့ကို သတင်းပေးမှုဖြင့် ဖမ်းဆီးခံနေရသူများကို ပြန်မလွှတ်ပေးသေးသည့်အပြင် ၎င်း၏ ခရီးစဉ် သီတင်းတပတ်အတွင်း၌ပင် ကလေးစစ်သား ဖမ်းဆီးမှု ၃ ခုဖြစ်ပွားခဲ့သဖြင့် ခရီးစဉ်အပေါ် အားရကျေနပ်မရှိကြောင်း **ILO** အရာရှိတစ်ဦးက ပြောသည်။ **(DVB 250110)** Read More...
- ဝါရှင်တန်ဒီစီအခြေစိုက် **ISIS** သိပ္ပံနှင့်နိုင်ငံတကာ လုံခြုံရေးအဖွဲ့မှ အနုမြူစွမ်းအင် လိုချင်နေသည့် မြန်မာနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံအကြား သံသယဖြစ်ဖွယ် အဆက်အသွယ်များ ရှိနေမှုကို အထူးသတိထားစောင့်ကြည့်ရန် လိုအပ်ကြောင်း အစီရင်ခံစာတစ်စောင်ကို ယမန်နေ့က ထုတ်ပြန်လိုက်သည်။ **(RFA 290110)** Read More...
- မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ပေါ်ထွန်းရေးအတွက် အိန္ဒိယ အစိုးရအနေဖြင့် မြန်မာစစ်အစိုးရအပေါ် ထားရှိသော နိုင်ငံခြားရေး မူဝါဒများကို ပြန်လည်စဉ်းစား ပြောင်းလဲသင့်ပြီဖြစ်ကြောင်း အိန္ဒိယနိုင်ငံ အရှေ့မြောက်ပြည်နယ်များမှ မြန်မာ့အရေးစိတ်ဝင်စားသူ သတင်းထောက်များက ယနေ့တွင် တိုက်တွန်းလိုက်သည်။ **(Irrawaddy 300110)** Read More...
- အမေရိကန်နိုင်ငံ ဂျွန်ဟော့ပ်ကင်းစ် **John Hopkins** တက္ကသိုလ်မှ အရှေ့တောင် အာရှလေ့လာရေးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ကားလ်ဒီဂျက်ဆင် **(Karl D Jakson)** ဦးဆောင်သော အဖွဲ့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်အချို့နှင့် ယခုလ ၁၁ ရက်နေ့က တွေ့ဆုံးခဲ့သည်။ **(Mizzima 180110)** Read More...
- မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ပေါ်ထွန်းရေးအတွက် အိန္ဒိယ အစိုးရအနေဖြင့် မြန်မာစစ်အစိုးရအပေါ် ထားရှိသော နိုင်ငံခြားရေး မူဝါဒများကို ပြန်လည်စဉ်းစား ပြောင်းလဲသင့်ပြီဖြစ်ကြောင်း အိန္ဒိယနိုင်ငံ အရှေ့မြောက်ပြည်နယ်များမှ မြန်မာ့အရေးစိတ်ဝင်စားသူ သတင်းထောက်များက တိုက်တွန်းလိုက်သည်။ **(Irrawaddy 300110)** Read More...

## ယခင် (၃) ပတ်အတွင်းသတင်းများ (၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ၂၃ ရက်အထိ)

## (က) အစိုးရများ

- မြန်မာနိုင်ငံတွင် အခုနှစ်အတွင်း ကျင်းပမည့် ရွေးကောက်ပွဲသည် မြန်မာစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက လွတ်လပ်ရေးနေ့သဝဏ်လွှာတွင် ထပ်မံကတိပြု ပြောကြားသည့်အပေါ် လက်ခံနိုင်သည့် ရွေးကောက်ပွဲဖြစ်ရန် လုပ်ဆောင်မှု မတွေ့သေးကြောင်း အမေရိကန်အစိုးရက တုံ့ပြန်ပြောဆိုလိုက်သည်။ **(RFA 060110)** Read More...
- မြန်မာစစ်အစိုးရ၏ အဆင့်မြင့်အရာရှိပိုင်းများနှင့် တိုက်ရိုက်ဆက်ဆံရေး ထူထောင်ခဲ့သော် မြန်မာ–အမေရိကန် ဆက်ဆံရေး ရှေ့ဆက်နိုင်ရန် မြန်မာစစ်အစိုးရဘက်က ရှင်းလင်းပြတ်သားသည့် ခြေလှမ်းများကို အမေရိကန်ဖက်က စောင့်နေဆဲ ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဌာန ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားလိုက်သည်။ **(RFA 220110)** Read More...

## (ခ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာနိုင်ငံတွင် ကျင်းပရန် ကြေညာထားသည့် ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင် လွန်ခဲ့သည့် ၂၀၀၉ ခုနှစ်အတွင်းတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းများတွင် ဆက်လက်ဆိုးရွားနေခဲ့ကြောင်း အမေရိကန်အခြေစိုက် လူ့အခွင့်အရေး လေ့လာစောင့်ကြည့်လေ့လာရေးအဖွဲ့ **(HRW)** က ပြောကြားလိုက်သည်။ **(NEJ 210110)** Read More...

## ပြည်သူနှင့် လူထုအခြေပြုအသင်းအဖွဲ့များ

- စစ်အစိုးရသည် ကိုးကန့်ဒေသနှင့် နယ်စပ်ဒေသများတွင် တိုင်းရင်းသား အပစ်ရပ်အဖွဲ့များနှင့် ပြည်တွင်းစစ်ဖန်တီး တိုက်ခိုက်ကာ ၂၀၁၀ ရွေးကောက်ပွဲကို ရွှေ့ဆိုင်းနိုင်သည်ဟူသော ထင်မြင်ယူဆချက်များ ရန်ကုန်မြို့နေ ပြည်သူများ အကြားတွင် သတင်းပျံ့နှံ့နေသည်။ **(Irrawaddy 290110)** [Read More...]
- ၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်ရေး စာရွက်စာတမ်းများ လက်ဝယ်တွေ့ရှိမှုဖြင့် နအဖအာဏာပိုင်များက ဖမ်းဆီး သွားသည့် မွန်ရဟန်းပျို ရှင်ဥက္ကံသ (ခေါ်) ဦးဇင်းဇော်လတ်ကို ရန်ကုန်မြို့သို့ ပို့ဆောင်လိုက်ပြီးနောက် ရက်သတ္တ (၃) ပတ်ကျော် ကြာမြင့်ပြီ ဖြစ်သော်လည်း မည်သည့်နေရာ၌ ချုပ်နှောင်ထားသည်ကို မသိရသေးကြောင်း ၎င်းဆွေမျိုး များက ပြောသည်။ **(NEJ 290110)** [Read More...]
- ကျောင်းသားတစ်ထောင်ကျော် တက်ရောက်လျက်ရှိသော ရန်ကုန် လှော်ကား ကွန်ပျူတာ တက္ကသိုလ် ကျောင်း အာဏာပိုင်များက ကျောင်းသားများအပေါ် ပြုမူဆက်ဆံမှုများကို သဘောမကျသည့်အတွက် ကျောင်းတွင်း စာကပ်သည့်လှုပ်ရှားမှုတစ်ခု ယခုလ ၂၈ ရက်က ဖြစ်ပွားခဲ့သည်။ **(RFA 290110)** [Read More...]

---

***End of report/ Sunday, January 31, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---